ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ များ၏ နည်းဥပဒေ ၆ တွင်-

(က) နည်းဥပဒေခွဲ (ခ)နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တောင်သူလယ်သမားများ နှစ်သက်ရာ သီးနှံစိုက်ပျိုးနိုင်သည့် အခွင့်အရေး အပြည့်အဝရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ဂ) စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးအစားအစာနှင့် ဆေးဝါးတို့ကို တောင်သူလယ်သမားများ မှန်ကန်စွာ ဝယ်ယူ သုံးစွဲနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တောင်သူလယ်သမား အသင်းအဖွဲ့၊ သမဝါယမအသင်း အဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ကူညီဆောင်ရွက်ခြင်း၊"

(ခ) နည်းဥပဒေခွဲ(ဇ)၌ ပါရှိသော "ဆွေးနွေးပညာပေးခြင်းနှင့် အကူအညီပေးခြင်း" ဆိုသည့်

စကားရပ်ကို “ဆွေးနွေးပညာပေးခြင်း၊ အကူအညီပေးခြင်းနှင့် အကာအကွယ်ပေးခြင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) နည်းဥပဒေခွဲ (ထ) ကို အောက်ပါအတိုင်း အစာထိုးရမည်-

“(ထ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစားရေရိက္ခာ အထောက်အကူဖြစ်စေရေးအတွက် ငါးမွေးမြူရေး ဖြစ်ထွန်းနိုင်သည့် ရေပြင်များတွင် လှောင်အိမ် သို့မဟုတ် ခြံစနစ်ဖြင့် သင့်လျော်သည့် ငါးအမျိုးအစားများ မွေးမြူနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာနများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊”

၄။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ တွင်-

(က) နည်းဥပဒေခွဲ (က)၌ ပါရှိသည့် “မြစ်ရေတင်လုပ်ငန်းများ” ဆိုသည့် စကားရပ်၏ ရှေ့တွင် “ရေထိန်းတံတားများ၊ ရေသွင်းရေထုတ်မြောင်းများ၊ တာတမံများ အပါအဝင် ဆည်မြောင်း တာတမံလုပ်ငန်းများနှင့်” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲ(ခ)၌ ပါရှိသည့် “မြစ်ရေတင်လုပ်ငန်းများအား” ဆိုသည့် စကားရပ်၏ ရှေ့တွင် “ရေထိန်းတံတားများ၊ ရေသွင်းရေထုတ်မြောင်းများ၊ တာတမံများ အပါအဝင် ဆည်မြောင်း တာတမံလုပ်ငန်းများနှင့်” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) နည်းဥပဒေခွဲ(ဂ)၏ နောက်၌ နည်းဥပဒေခွဲ(ဃ)၊ (င)နှင့် (စ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် ဒေသများကို စုစည်းစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဒေသအတွင်း စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်ငယ်၊ ချောင်းငယ်၊ ကန်ငယ်များ၊ ရေသွင်းမြောင်းများ၊ စိမ့်စမ်းရေသွယ်လုပ်ငန်းများ အပါအဝင် ဒေသန္တရ ရေရရှိရေး လုပ်ငန်းများကို အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ခြင်း၊

(စ) တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများ အပြည့်အဝ အသုံးချနိုင်ရန် ထုတ်လုပ်မှုစွမ်းအားအပေါ် ဦးစားပေး အစီအစဉ်အရ စိုက်ပျိုးရေး ကုန်ထုတ်လမ်းများဖော်ထုတ်ဆက်သွယ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း။"

၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၂၁တွင် -

(က) နည်းဥပဒေခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အစိုးရ အသိအမှတ်ပြု ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများမှ နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(ခ) နည်းဥပဒေခွဲ(ဃ) နှင့် (င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ထုတ်ချေးသော ချေးငွေများကို သက်ဆိုင်ရာ တောင်သူလယ်သမားများထံ စိုက်ပျိုးရာသီအချိန်မီနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အချိန်မီ သတ်မှတ်ကာလအတွင်း အပြည့်အဝရရှိစေခြင်း၊

(င) ချေးငွေကို လယ်ယာထုတ်ကုန်များ ထွက်ရှိရောင်းချနိုင်သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် သတ်မှတ်သည့်ကာလအတွင်း အပြည့်အဝ ပြန်လည် ပေးဆပ်စေခြင်း၊"

၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၂၂တွင်-

(က) နည်းဥပဒေခွဲ(က)၌ ပါရှိသော "သက်သာသော အတိုးနှုန်းဖြင့်" ဆိုသည့် စကားရပ်၏ ရှေ့တွင် "လယ်ယာထုတ်ကုန် အရင်းအနှီး လိုအပ်ချက်ကို ထိရောက်အကျိုးရှိစွာ အထောက်အပံ့ ရရှိနိုင်ရန် သတ်မှတ်ထားသည့် ချေးငွေနှုန်းထားများအရ ချေးငွေပမာဏကို" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)၏ နောက်၌ နည်းဥပဒေခွဲ(ခ)၊ (ဂ)နှင့် (ဃ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ခ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေး အရင်းအနှီး လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချေးငွေများ ထုတ်ချေးရာ၌ ချေးငွေနှုန်းထားကို သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သို့မဟုတ် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက် လုပ်ကွက်ငယ်ကို ဦးစားပေး၍ သင့်လျော်သည့် နှုန်းထား သတ်မှတ်ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) တောင်သူလယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီး လိုအပ်ချိန်တွင် အချိန်မီ ထုတ်ချေးနိုင်ရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ငွေထုတ်ချေးမည့် ကာလကို သတ်မှတ်စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလ သတ်မှတ်ရာတွင် တောင်သူလယ်သမား များ အဆင်ပြေစွာ ပေးဆပ်နိုင်ရေးအတွက် သီးနှံရိတ်သိမ်းထွက်ရှိသည့် ကာလ၊ မွေးမြူ ရေးထုတ်ကုန်ပစ္စည်း ထွက်ရှိသည့်ကာလနှင့် ကိုက်ညီအောင် စီစဉ်ဆောင်ရွက်ခြင်း၊"

(ဂ) နည်းဥပဒေခွဲ(ခ)ကို နည်းဥပဒေခွဲ(င)အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၂၃ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၃။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများ ရယူခြင်းနှင့် ပြန်လည်ပေးဆပ်စေခြင်းတို့ကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမားတစ်ဦးချင်းကို အာမခံသူနှစ်ဦးစီဖြင့် ချေးငွေ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း ပြုနိုင်ရေးအတွက် ကူညီဆောင်ရွက်ရမည်။"

၈။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၂၈၊ နည်းဥပဒေခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) လက်ကားဈေးများ ထူထောင်နိုင်ရေးအတွက် ဒေသနှင့် လယ်ယာထုတ်ကုန်အလိုက် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီအားပေးနိုင်သည်။"

၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၃၄၏ နောက်တွင် နည်းဥပဒေ၃၅အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနသည် စိုက်ပျိုးမြေအကျယ်အဝန်းနှင့် မွေးမြူသည့် တိရစ္ဆာန် အရေအတွက်တို့ကို မူတည်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာပေးဝန်ထမ်းများ တိုးချဲ့ ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးရမည်။"

၁၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၃၅တွင် ပါရှိသော "(Good Agricultural Practice)" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၃၆တွင် ပါရှိသော "(Good Animal Husbandry Practice)" ဆိုသည့် စကားရပ်နှင့် "(Good Aquaculture Practice)" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀နှင့် ၄၁တို့ကို နည်းဥပဒေ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁နှင့် ၄၂ တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

မြင့်လှိုင်

ပြည်ထောင်စုဝန်ကြီး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊၁/ ၂၂၀ (ဂ) (၃) (၁၁၀၄/ ၂၀၁၅)

ရက်စွဲ ၊၂၀၁၅ခုနှစ်၊ မေလ ၂၉ ရက်

**<u>ဖြန့်ဝေခြင်း</u>**

၁။ နိုင်ငံတော်သမ္မတရုံး

၂။ သမ္မတဦးစီးရုံး

၃။ ဒုတိယသမ္မတဦးစီးရုံးများ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၅။ ပြည်ထောင်စုလွှတ်တော်ရုံး

၆။ ပြည်သူ့လွှတ်တော်ရုံး

၇။ အမျိုးသားလွှတ်တော်ရုံး

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

၁၁။ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

၁၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး

၁၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

၁၅။ နေပြည်တော်ကောင်စီ

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

၁၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ဝင်များအားလုံး